**AMNESTY INTERNATONAL**
INTERNATIONAL SECRETARIAT

**www.amnesty.org**

**e:** contactus@amnesty.org
**t:** +44-20-74135500
**f:** +44-20-79561157

1 Easton Street,
London, WC1X 0DW,
United Kingdom

**AMNESTY INTERNATIONAL**

Index: ASA 16/2088/2020
TG. Ref ASA 16/2020.001

နိုင်ငံတော်သမ္မတကြီး ဦးဝင်းမြင့်
နိုင်ငံတော်သမ္မတရုံး
အမှတ် ၁၈၊ နေပြည်တော်
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်

၂၀၂၀ ဧပြီလ ၉ရက်

လေးစားအပ်ပါသော နိုင်ငံတော် သမ္မတကြီးရှင့်

မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေးများကို ငြိမ်းချမ်းစွာကျင့်သုံးရုံဖြင့် ထောင်ချခံနေရသော လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ၊ တက်ကြွလှုပ်ရှားသူများနှင့် သတင်းသမားများအားလုံးအား ခြွင်းချက်မရှိ ချက်ချင်း လွှတ်ပေးပါရန် ကျွန်ုပ်အနေဖြင့် တိုက်တွန်းအပ်ပါသည်။

မြန်မာနိုင်ငံတွင် မကြာသေးမီနှစ်များက ပြုပြင်ပြောင်းလဲမှုများကို ကြိုဆိုသော်လည်း လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများနှင့် တက်ကြွလှုပ်ရှားသူများအား ၎င်းတို့၏ငြိမ်းချမ်းသောလှုပ်ရှားမှုများနှင့် ဆက်စပ်၍ ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်း၊ ထောင်ဒဏ်ချမှတ်ခြင်းများနှင့် ပတ်သက်၍ ကျွန်ုပ်တို့မှ များစွာစိုးရိမ်မကင်းဖြစ်မိပါသည်။ အချို့ဖြစ်ရပ်များတွင် ငြိမ်းချမ်းစွာဆန္ဒပြမှုများတွင်ပါဝင်ခဲ့ပြီး မတရားမှုများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆန့်ကျင်ပြောဆိုခဲ့ပြီးနောက်တွင် ပစ်မှတ်ထား အရေးယူခံခဲ့ရပါသည်။ အချို့ဖြစ်ရပ်များတွင် ၄င်းတို့က မြန်မာစစ်တပ်အပါအဝင်အာဏာပိုင်များကို အွန်လိုင်းပေါ်မှ ဝေဖန်မှုများ ပြုလုပ်ခဲ့ကြသည်။

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့အနေနှင့် နောက်ထပ်စိုးရိမ်မိသည်မှာ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေချိန်တွင် အာဏာပိုင်များက နိုင်ငံရေးအရ ရည်ရွယ်ပြုလုပ်သော စွဲချက်များနှင့် သတင်းသမားများ၊ တက်ကြွလှုပ်ရှားသူများကို ပစ်မှတ်ထားလာပြီး လူထုအတွက် အကျိုးရှိစေသောသတင်းအချက်အလက်များကို ဟန့်တားသည့်အနေနှင့် သတင်းဝက်ဆိုက်များကို ပိတ်ခြင်း၊ အင်တာနက်ဖြတ်တောက်ခြင်းများ ပြုလုပ်လာခြင်းဖြစ်သည်။ ယခုအချိန်သည် ယခင်ကာလများထက်ပင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် အခွင့်အရေးများကို ပို၍ လေးစား အကာအကွယ်ပေးရန် လိုအပ်နေချိန်ဖြစ်သည်။ ထိုအခွင့်အရေးများအပေါ်တွင် ကန့်သတ်မှုမှန်သမျှကို ရှင်းလင်းပြီးသိမြင်လွယ်သည့် ဥပဒေအရသာ ပြုလုပ်ရမည်ဖြစ်ပြီး လူထုကျန်းမာရေးကို အကာအကွယ်ပေးရန် သို့မဟုတ် သတ်မှတ်ပေးထားသော ဥပဒေနှင့်ညီညွတ်သည့် ရည်ရွယ်ချက်အတွက် လိုအပ်သလောက်သာ အချိုးမျှတအောင် ပြုလုပ်ရမည်ဖြစ်သည်။


Amnesty International Limited. Company limited by guarantee, incorporated in England & Wales Company Registration 01606776.

နိုင်ငံရေးအရ ရည်ရွယ်ချက်နှင့် ဖမ်းဆီး အကျဉ်းချမှုများကို မြန်မာ့ဥပဒေမူဘောင်ကခွင့်ပြုပေးလျက်ရှိသည်။ ယင်းမူဘောင်အတွင်းတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ဖွဲ့စည်းခွင့်နှင့် စုဝေးခွင့် အခွင့်အရေးများကို ထင်သလိုကန့်သတ်နိုင်သော ဥပဒေများပါဝင်လျက်ရှိသည်။ ယင်းဥပဒေများထဲတွင် ရာဇဝတ်ကျင့်ထုံးဥပဒေ၏ ပုဒ်မ ၅၀၀၊ ၅၀၅(က)၊ ၅၀၅(ခ)၊ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေ၊ ဆက်သွယ်ရေး ဥပဒေ၊ နိုင်ငံသားတို့၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်ခွင့်နှင့် လုံခြုံမှုကို အကာအကွယ်ပေးရေးဥပဒေ နှင့် မတရားအသင်းဥပဒေတို့လည်း ပါဝင်သည်။ ဖိနှိပ်မှုများရှိခဲ့သော အတိတ်မှ အဝေးကို ထွက်ခွာရန်သံန္နိဋ္ဌာန်ချထားသည်ဆိုသော နိုင်ငံတစ်နိုင်ငံတွင် ယင်းကဲ့သို့ဥပဒေများအတွက် နေရာမရှိပါ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အန်အယ်ဒီ)ခေါင်းဆောင်သောအစိုးရသည် နိုင်ငံရေးအရ ရည်ရွယ်ချက်နှင့် ဖမ်းဆီး အကျဉ်းချမှုများကို အဆုံးသတ်လိမ့်မည်ဟု လူထုက မျှော်လင့်ချက်များရှိခဲ့သည်ကို အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က သတိပြုမှတ်သားမိပါသည်။ အန်အယ်ဒီ၏ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကြေညာစာတမ်းတွင် "ပြည်သူလူထု၏ အခွင့်အရေးဖြစ်သော လွတ်လပ်မှုနှင့် လုံခြုံမှုကို ထိပါးသော ဥပဒေများကို ပယ်ဖျက်၍" "အားလုံးအတွက် လွတ်လပ်မှုနှင့် လုံခြုံမှုရရှိအောင်" ဆောင်ရွက်ပေးသွားမည်ဟု ကတိပြုခဲ့ပါသည်။ အာဏာပိုင်များသည်  ဖိနှိပ်သောဥပဒေများကို ရုပ်သိမ်းခြင်း၊ ပြင်ဆင်ခြင်းများ ပြုလုပ်ရန် အားထုတ်မှုများရှိခဲ့သော်လည်း ယင်းဥပဒေများမှာ နိုင်ငံတကာ လူ့အခွင့်အရေးစံချိန်စံညွှန်းများနှင့် ကိုက်ညီရန်များစွာ လိုအပ်နေသေးပါသည်။

နိုင်ငံရေးရည်ရွယ်ချက်ဖြင့် ဖမ်းဆီး အကျဉ်းချနေမှုများ ရေရှည်တွင်ရပ်တန့်သွားစေရန်မှာ မြန်မာနိုင်ငံအနေနှင့် ဖိနှိပ်သောဥပဒေများကို ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုလုပ်ရန်နှင့် ယင်းဥပဒေများကို နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့်ကိုက်ညီအောင်ပြုလုပ်ရန် လိုအပ်ပါသည်။ ထိုသို့လုပ်ဆောင်နေစဉ် ကာလတွင်လည်း မိမိတို့၏ လူ့အခွင့်အရေးများကို ရယူကျင့်သုံးသူများအား ယင်းဥပဒေများကို အသုံးပြု၍ ဖမ်းဆီး၊ အရေးယူ၊ ထောင်ချနေမှုများ ရပ်တန့်ပါရန် ကျွန်ုပ်တို့က မြန်မာအာဏာပိုင်များကို ပန်ကြားအပ်ပါသည်။

မိမိတို့အား မေးမြန်းစရာ ရှိပါကလည်း တုံ့နှေးခြင်းမရှိ ဆက်သွယ်နိုင်ပါသည်။ ထည့်သွင်းစဉ်းစားမှုအတွက် ကျေးဇူးတင်ပါသည်။

သစ္စာရှိစွာဖြင့်



ဂျူလီဗာဟား
ယာယီအထွေထွေအတွင်းရေးမှူး